# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# ပဥ္စမနေ့ အစီအစဉ်

# [၈–၁၀–၂၀၁၃] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုးဝင်း၊ ကျောက်တံတား မဲဆန္ဒနယ်၏ **ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်စေရန် မည်သို့ ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရှိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဒေါ်နန်းဝါနု၊ ကွန်ဟိန်း မဲဆန္ဒနယ်၏ **ကွန်ဟိန်းမြို့နယ်၊ ကုန်းပေါင်းရွာ ၏နှစ်စဉ်နွေရာသီ ရေပြတ်လပ်မှုကို မည်သို့ ကူညီဆောင်ရွက် ပေးနိုင်မည်ကိုသိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးအေးနိုင်၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ **အရောင်းအဝယ်စနစ်တွင် နိုင်ငံတကာစံနှုန်းနှင့်အညီ ကုန်ပစ္စည်း အမျိုးအမည်လိုက်၍ စံအလေး၊ စံယူနစ် တစ်ခုတည်းသော အသုံးအနှုန်းကို ဥပဒေပြဋ္ဌာန်းပေးရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်(ကိုယ်စား) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **စားအုန်းဆီများ ဖြန့်ဖြူး ရောင်းချရာတွင် အလေးချိန်လျော့နေခြင်း၊ အရည်အသွေး ပြောင်းနေခြင်းတို့ကို အရေးယူရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( င ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၏ **မအူပင်မြို့နယ် ကျေးရွာများတွင် နေထိုင်သော အိမ်ထောင်စုများသည် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ ၆၆/၆ အတုများဖျက်သိမ်း၍ သန်းခေါင်စာရင်း အသစ် ပြန်လည် ကောက်ယူပေးနိုင်မှုရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( စ ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းပြုလုပ်ရာတွင် မိုးပွင့်စီမံချက်များအတိုင်း မြန်ဆန်စွာနှင့် သတ်မှတ်နှုန်းထားအတိုင်းဖြစ်ရေး ကြပ်မတ် ဆောင်ရွက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်က **“ နေ့စဉ် အသစ်ထွက်ပေါ် သုံးစွဲနေသော ဝေါဟာရ စကားလုံး စာသားများ ဆေးဘက်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာ၊ အသုံးအနှုန်းများနှင့် နိုင်ငံခြားဘာသာ အသုံးအနှုန်းများ မြန်မာ့သံ ဖလှယ်သုံးစွဲရာတွင် လည်းကောင်း၊ မြန်မာစာ၊ မြန်မာစကား အသုံးအနှုန်းများ စနစ်တကျ ခိုင်မာစွာ တည်တံ့နိုင်ရေးနှင့် စံပြုမြန်မာစာ၊ မြန်မာစကား၊ မြန်မာဝေါဟာရတို့ကို သုံးစွဲရာတွင်လည်းကောင်း တစ်ပြေးညီ သတ်မှတ်နိုင်ရေးနှင့် သုံးစွဲသူအားလုံးက တစ်ပြေးညီ လိုက်နာကျင့်သုံး နိုင်ရေးအတွက် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းဆောင်ရွက် သင့်ကြောင်း”** အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **“ မြန်မာနိုင်ငံ လေယာဉ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၈။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်အဋ္ဌမပုံမှန် အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။